# အွန်လိုင်း WACE ဘာသာစကား လျှောက်လွှာများအတွက် ကျောင်းသား ဆောင်ရွက်ရန်စာရင်း

သင်လျှောက်လွှာမတင်မီ လိုအပ်သည်များကို ပြင်ဆင်ထားရန် ဤစာရင်းကို အသုံးပြုပါ။ အွန်လိုင်းလျှောက်လွှာကို ဖြည့်စွက်ရန် သင်သည် အိမ်တွင်ဖြစ်စေ ကျောင်းတွင်ဖြစ်စေ ကွန်ပျူတာအသုံးပြုရန်လိုအပ်ပါသည်။ မေးစရာများရှိပါက သင်၏ မိဘ/များ သို့မဟုတ် အုပ်ထိန်းသူ/များ သို့မဟုတ် သင်၏ဘာသာစကားဆရာကို အကူအညီတောင်းနိုင်ပါသည်။

## 1 ကျောင်းသားပေါ်တယ်သို့ဝင်ရောက်ခြင်း

ကျောင်းသားပေါ်တယ်သို့ ဝင်ရောက်ရန် သင်၏ ကျောင်းရီပို့/များတွင် တွေ့ရှိနိုင်သည့် **WA ကျောင်းသားနံပါတ်** လိုအပ်ပါသည်။ သင်၏ SmartRider တွင်လည်း ရှိပါသည်။ သင်၏ **ကိုယ်ပိုင် အီးမေးလ် လိပ်စာ** လိုအပ်မည်ဖြစ်ပြီး အွန်လိုင်းလျှောက်လွှာ ဖြည့်သည့်အချိန်တွင်လည်း အသုံးပြုခွင့်ရှိသော ကိုယ်ပိုင် အီးမေးလ် အကောင့်ဖြစ်ရပါမည်။

## 2 ပညာရေးဆိုင်ရာသတင်းအချက်အလက်

သင့်ထံတွင်-

- ❑ မူလတန်းအကြိုမှစ၍ သင်နှစ်စဉ်တက်ရောက်ခဲ့သော ကျောင်းများ၏ အသေးစိတ်အချက်အလက်၊
  - ကျောင်းအမည်
  - သင်ကြားရာတွင်အသုံးပြုသော အဓိကဘာသာစကား
  - သင်ကြားခဲ့သော ဘာသာစကား/များ
  - တစ်ပတ်လျှင် ဘာသာစကားသင်ကြားသော အချိန်နာရီ
- ❑ နိုင်ငံခြားတွင် သင်တက်ရောက်ခဲ့သော ကျောင်း/များ၏ နှစ်အလိုက်ကျောင်း ရီပို့/များ

## 3 နေထိုင်မှုအချက်အလက်

အောက်ပါ အသေးစိတ်အချက်အလက်များကို ဖြည့်စွက်ပေးရန် လိုအပ်ပါမည်-

- ❑ နေထိုင်ခဲ့သောနိုင်ငံများ
- ❑ အလည်အပတ်သွားခဲ့ဖူးသောနိုင်ငံများ
- ❑ နိုင်ငံတွင်း အလည်အပတ်သွားခြင်း/များ၏ အကြောင်းပြချက်/များ

- ❑ နိုင်ငံတွင်း အလည်အပတ်သွားခြင်း/များ၏ ကြာချိန်

## 4 ဘာသာစကားနောက်ခံ

အောက်ပါ အသေးစိတ်အချက်အလက်များကို ဖြည့်စွက်ပေးရန် လိုအပ်ပါမည်-

- ❑ စကားစပြောရန် ပထမဦးဆုံး သင်ကြားခဲ့သော ဘာသာစကား/များ
- ❑ သင် ပြောတတ်၊ ရေးတတ်၊ ဖတ်တတ်သော အခြားဘာသာစကား/များ
- ❑ မိဘ/များ သို့မဟုတ် အုပ်ထိန်းသူ/များ သို့မဟုတ် မောင်နှမ သူငယ်ချင်းများနှင့် ပြောသော ဘာသာစကား/များ

## 5 အထောက်အကူပြုစာရွက်စာတမ်းများ

အောက်ပါစာရွက်စာတမ်းများ ဓါတ်ပုံ သို့မဟုတ် စကင်န်ဖတ်ထားသည်များ လိုအပ်ပါသည်-

- ❑ မိဘ/အုပ်ထိန်းသူ အသိအမှတ်ပြု ပုံစံစာရွက် (မဖြစ်မနေလိုအပ်သည်)
- ❑ နိုင်ငံကူးလက်မှတ် မှတ်ပုံတင်စာမျက်နှာ၊ ရှိလျှင်
- ❑ နိုင်ငံတကာလှုပ်ရှားမှု/များ၊ (ရှိလျှင်)
- ❑ နိုင်ငံခြားကျောင်း ရီပို့ဒ်/များ (ရှိလျှင်)

အထောက်အကူပြု စာရွက်စာတမ်းများကို သင်၏ကွန်ပျူတာ သို့မဟုတ် ဖုန်းတွင် **.pdf၊ .jpg၊ .jpeg** သို့မဟုတ် **.png** ဖိုင်များအဖြစ် **အနည်းဆုံး တစ်ဖိုင်လျှင် 4MB အရွယ်အစားဖြင့်** သိမ်းထားပါ။ **Word** စာရွက်စာတမ်းများကို အပ်လုဒ်လုပ်၍ မရပါ။